ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်
၂၀၁၈ ခုနှစ် ၊ မတ်လ ၂၃ ရက်

## ညွှန်ကြားချက်အမှတ် - ၅ /၂၀၁၈

၁။ ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေ၊ ပုဒ်မ ၂၃တွင်အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ငါးလုပ်ငန်းများ စနစ်တကျလုပ်ကိုင်ဆောင်ရွက်ကြစေရန်နှင့် ငါးမျိုးပြုန်းတီးမှုကာကွယ်ရန်အတွက် ငါးဖမ်းရေယာဉ်များလိုက်နာဆောင်ရွက်ရမည့် ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးစနစ်ဆိုင်ရာ ညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ ရေယာဉ်စောင့်ကြည့် ထိန်းချုပ်ရေးကိရိယာ (Vessel Monitoring Device) ဆိုသည်မှာ ငါးဖမ်းရေယာဉ်များ၏ လှုပ်ရှားမှုများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို သူ့ချည်းသက်သက်ဖြစ်စေ၊ အခြားကိရိယာများနှင့်ချိတ်ဆက်၍ဖြစ်စေ စောင့်ကြည့်ခြင်း၊ မှတ်တမ်းရယူခြင်းနှင့် အလိုအလျောက်ထုတ်လွှင့်ခြင်းများကိုဆောင်ရွက်နိုင်သည့် ပစ္စည်းကိရိယာကို ဆိုသည်။

၃။ ရေယာဉ်လမ်းကြောင်းခြေရာခံကိရိယာ (Vessel Tracking Device) ဆိုသည်မှာ ငါးဖမ်းရေယာဉ်ပေါ်တွင်တပ်ဆင်ထားသည့် ငါးဖမ်းရေယာဉ်များ၏ သွားလာသည့်လမ်းကြောင်းအပါအဝင် တည်နေရာ၊ လှုပ်ရှားမှုနှင့်ပတ်သက်သည့် သတင်းအချက်အလက်အားလုံးကို သူ့ချည်းသက်သက်ဖြစ်စေ၊ အခြားကိရိယာများနှင့်ချိတ်ဆက်၍ဖြစ်စေ စောင့်ကြည့်ခြင်း၊ မှတ်တမ်းရယူခြင်းနှင့် အလိုအလျောက်ထုတ်လွှင့်ခြင်းများကိုဆောင်ရွက်နိုင်သည့် ပစ္စည်းကိရိယာကို ဆိုသည်။

၄။ ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးစနစ် (Vessel Monitoring System) ဆိုသည်မှာ ငါးဖမ်းရေယာဉ်ပေါ်ရှိ ဦးစီးဌာန၏ခွင့်ပြုချက်ဖြင့်တပ်ဆင်ထားသည့် ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးကိရိယာက ပုံမှန်ထုတ်လွှင့်သောသတင်းအချက်အလက်များကို ဦးစီးဌာနက အတည်ပြုသတ်မှတ်ဆောင်ရွက်သည့် ဂြိုဟ်တုအသုံးပြု ငါးဖမ်းရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးစနစ်ကို ဆိုသည်။

၅။ ဦးစီးဌာနသည် ငါးဖမ်းရေယာဉ်များအား စောင့်ကြည့်ထိန်းချုပ်နိုင်ရေးအတွက် ရေယာဉ်တည်နေရာ၊ လှုပ်ရှားမှုနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ရယူနိုင်ရေးအတွက် အောက်ပါတို့ကို သတ်မှတ်ဆောင်ရွက်ရမည်ဖြစ်သည်-

(က) ငါးဖမ်းရေယာဉ်များတွင်တပ်ဆင်ရမည့် ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေး ကိရိယာ သို့မဟုတ် ရေယာဉ်လမ်းကြောင်းခြေရာခံ ကိရိယာအမျိုးအစားနှင့် အရေအတွက်၊

(ခ) တပ်ဆင်ရမည့် ကုမ္ပဏီအမည်၊

(ဂ) ငါးဖမ်းရေယာဉ်များမှပေးပို့ရမည့် သတင်းအချက်အလက်အမျိုးအစားနှင့် ကြိမ်ရေ၊

(ဃ) ကုမ္ပဏီကလိုက်နာရမည့်စည်းကမ်းချက်များနှင့် အရေးယူဆောင်ရွက်မည့်ပြစ်ဒဏ်များ။

၆။ မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေပုဒ်မ ၃၀ အရ တာဝန်ပေးအပ်ထားသော စစ်ဆေးရေးမှူးများသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) စစ်ဆေးရေးမှူးသည် ငါးဖမ်းရေယာဉ်တွင်တပ်ဆင်ထားသည့် ဆက်သွယ်ရေးကိရိယာများ၊ ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးကိရိယာများ၊ ရေယာဉ်လမ်းကြောင်းခြေရာခံကိရိယာများကို အမှန်တကယ်တိကျစွာအလုပ်လုပ်ခြင်းရှိ/မရှိ၊ ဦးစီးဌာန၏သတ်မှတ်စည်းကမ်းများနှင့်ညီညွတ်ခြင်းရှိ/မရှိ၊ သတင်းအချက်အလက်များကို မမှန်မကန် သို့မဟုတ် ဖုံးကွယ်ပေးပို့ရန်ပြုပြင်မွမ်းမံထားခြင်း သို့မဟုတ် တားဆီးနှောင့်ယှက်ထားခြင်းရှိ/မရှိ စစ်ဆေးရမည်၊

(ခ) စစ်ဆေးရေးမှူးသည် ငါးဖမ်းရေယာဉ်တွင်စည်းကမ်းသတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက အရေးယူနိုင်ရေးအတွက် ဦးစီးဌာနသို့ အချိန်နှင့်တပြေးညီ သတင်းပို့တင်ပြရမည်၊

(ဂ) စစ်ဆေးရေးမှူးသည် ယခုညွှန်ကြားချက်ပါစည်းကမ်းများကို လိုက်နာခြင်းမရှိသည့် ငါးဖမ်းရေယာဉ်များကို ဖမ်းဆီးအရေးယူသည့်အခါ ဦးစီးဌာနရှိ VMS ဌာနစုများမှ ရရှိသော သို့မဟုတ် ငါးဖမ်းရေယာဉ်တွင်တပ်ဆင်ထားသည့် ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးစနစ်မှရရှိသော အီလက်ထရောနစ် သတင်းအချက်အလက်များ၊ ပုံရိပ်များ၊ ဓာတ်ပုံများနှင့် ကွန်ပျူတာများ၊ အီလက်ထရောနစ်ပစ္စည်းကိရိယာများကို သက်သေခံများအဖြစ်အသုံးပြုခွင့်၊ သိမ်းဆည်းခွင့်၊ တရားရုံးသို့တင်သွင်းခွင့်ရှိသည်။

၇။ မြန်မာ့ပင်လယ်ပြင်တွင် ကမ်းဝေးငါးဖမ်းရေယာဉ်များသည် ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးကိရိယာကို ၂၀၁၈-၂၀၁၉ ခုနှစ်၊ ငါးဖမ်းရာသီတွင်စတင်၍ တပ်ဆင်အသုံးပြုရမည်ဖြစ်သည်။

၈။ ငါးဖမ်းရေယာဉ်ပိုင်ရှင်များသည် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(က) မိမိတို့ပိုင်ဆိုင်သော ငါးဖမ်းရေယာဉ်အားလုံးတွင် ဆက်သွယ်ရေးကိရိယာ၊ ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေး ကိရိယာနှင့် ရေယာဉ်လမ်းကြောင်းခြေရာခံကိရိယာများကို ဦးစီးဌာနကသတ်မှတ်ထားရှိသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း တပ်ဆင်ရမည်၊

(ခ) ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးကိရိယာ တပ်ဆင်ပြီးဖြစ်ကြောင်းနှင့် လိုင်စင်သက်တမ်းတစ်ခုလုံးအတွက် ကြည့်ရှုခပေးဆောင်ပြီးဖြစ်ကြောင်း ဦးစီးဌာနသို့ အထောက်အထားတင်ပြရမည်၊ အထောက်အထားများတင်ပြနိုင်မှသာ ငါးဖမ်းရေယာဉ်လိုင်စင်ကို ဦးစီးဌာနမှ ထုတ်ပေးမည်ဖြစ်သည်။

၉။ ငါးဖမ်းရေယာဉ်မှူးများသည် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(က) စစ်ဆေးရေးစခန်းများတွင် ၎င်းတို့တပ်ဆင်ထားသည့် ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးကိရိယာအား စုပေါင်းရုံး၏စစ်ဆေးမှုခံယူခြင်း၊ လျှို့ဝှက်နံပါတ်ထည့်သွင်းခြင်းတို့ ဆောင်ရွက်ပြီးမှသာ ငါးဖမ်းကွက်သို့ ထွက်ခွါရမည်၊

(ခ) ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးကိရိယာမှ (၂)နာရီအတွင်း အချက်ပြစနစ်ထုတ်လွှင့်ခြင်း မရှိလျှင် အချက်ပြစနစ်ထုတ်လွှင့်နိုင်ရေး ချက်ချင်းဆောင်ရွက်ပေးရမည်၊ အချက်ပြစနစ်ထုတ်လွှင့်နိုင်မှုမရှိခြင်းသည် (၄)နာရီထက်မကျော်လွန်စေရ၊

(ဂ) ဦးစီးဌာနမှသတ်မှတ်ထားသည့် သတင်းအချက်အလက်အမျိုးအစားနှင့် ကြိမ်ရေအတိုင်း သတင်းပို့ရမည်၊

(ဃ) ဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် တပ်ဆင်ထားသည့် ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးကိရိယာများနှင့် ရေယာဉ်လမ်းကြောင်းခြေရာခံကိရိယာများကို ဖြုတ်ယူခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ပြောင်းလဲတပ်ဆင်ခြင်းများ မပြုလုပ်ရ၊

(င) ရေယာဉ်ပေါ်ရှိ ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးကိရိယာနှင့် ရေယာဉ်လမ်းကြောင်းခြေရာခံကိရိယာများကို ပြင်ဆင်ခြင်း၊ ပြောင်းရွှေ့တပ်ဆင်ခြင်း သို့မဟုတ် မမှန်မကန်ပြုလုပ်ခြင်းကြောင့် ဦးစီးဌာနမှသတ်မှတ်ထားရှိသည့် စည်းကမ်းများနှင့်ညီညွတ်မှုမရှိပါက သတ်မှတ်စည်းကမ်းချက်များအတိုင်းဖြစ်စေရန် မိမိစရိတ်ဖြင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးရမည်၊

(စ) စစ်ဆေးရေးမှူးများက ဆက်သွယ်ရေးကိရိယာများ၊ ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးကိရိယာများနှင့် ရေယာဉ်လမ်းကြောင်းခြေရာခံကိရိယာများကို စစ်ဆေးသည့်အခါ အချိန်မရွေး စစ်ဆေးခံရမည်၊

(ဆ) ငါးဖမ်းရေယာဉ် ဆိပ်ကမ်း၌ ရပ်နားနေစဉ်ကာလအတွင်း ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးကိရိယာကိုအသုံးပြုခြင်းမရှိပါက ဦးစီးဌာနသို့ အချိန်ကာလကို တိကျစွာဖော်ပြ၍ တရားဝင်စာဖြင့် သတင်းပေးပို့ရမည်၊ သတင်းပေးပို့ခြင်းမရှိပါက ဖြစ်ပေါ်လာသည့် ကိစ္စရပ်များအတွက် သက်ဆိုင်ရာ ရေယာဉ်မှူးက တာဝန်ယူဖြေရှင်းပေးရမည်၊ ဦးစီးဌာန၏ခွင့်ပြုချက်ရရှိမှသာ ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးကိရိယာအား (၄)နာရီထက်ကျော်လွန်၍ အသုံးမပြုဘဲထားရှိနိုင်သည်၊

(ဇ) ခွင့်ပြုငါးဖမ်းကွက်ကျော်လွန်နေကြောင်း သတိပေးချက်ရရှိသည့်အခါ ရောက်ရှိနေသည့်နေရာမှ ချက်ချင်းထွက်ခွါခြင်း သို့မဟုတ် လုံလောက်သည့်အကြောင်းပြချက်ပေးပို့၍ ဦးစီးဌာန၏ခွင့်ပြုချက်ရယူခြင်းများကို ဆောင်ရွက်ရမည်၊

(ဈ) ဦးစီးဌာနမှတားမြစ်ထားသည့် ဧရိယာနှင့် ကာလတို့တွင် ငါးဖမ်းရေယာဉ် လုပ်ငန်းဆောင်ရွက်ခြင်းမပြုရ။

၁၀။ အထက်စာပိုဒ် (၈)နှင့် (၉)ရှိ စာပိုဒ်ခွဲတို့ပါစည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ကြောင်း စစ်ဆေးရေးမှူးများက စစ်ဆေးတွေ့ရှိလျှင်သော်လည်းကောင်း၊ ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေး စနစ်ဖြင့် စစ်ဆေးတွေ့ရှိလျှင်သော်လည်းကောင်း ငါးဖမ်းရေယာဉ်ကို လိုင်စင်ပိတ်သိမ်းသည်အထိ အရေးယူခြင်းခံရမည့်အပြင် ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်မှူးများသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်။

၁၁။ ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေး VMS စနစ်အား တာဝန်ယူတပ်ဆင်ပေးသည့် ကုမ္ပဏီများသည် ဦးစီးဌာနမှ ငါးဖမ်းရေယာဉ်များကို စောင့်ကြည့်ထိန်းချုပ်ခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေး တာဝန်ယူဆောင်ရွက်ပေးရမည်။ ဦးစီးဌာနမှ ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးစနစ် ပုံမှန်ဆောင်ရွက်နိုင်ခြင်းမရှိပါက (၂)နာရီအတွင်း ဖြေရှင်းဆောင်ရွက်ပေးရန်နှင့် (၂)နာရီထက်ကျော်လွန်၍ အဆက်အသွယ်ပြတ်တောက်သွားပါက ဦးစီးဌာနမှသတ်မှတ်ထားသော ဒဏ်ကြေးငွေအားပေးဆောင်ရမည်။

ခင်မောင်မော်
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ငလ/နပတ-၄/၂၀၁၈(၁၈၀၂)
ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၄ ရက်

ဖြန့်ဝေခြင်း

တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူး
-------------------တိုင်းဒေသကြီး/ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန
-------------------မြို့

ခရိုင်ဦးစီးဌာနမှူး
ခရိုင်ငါးလုပ်ငန်းဦးစီးဌာန
-------------------မြို့

မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန
-------------------မြို့